ငါ မပြောင်းလဲဘူး

စာရေးသူ - Bindu Gupta
သရုပ်ဖော် - Kanak Shashi

This book was adapted into the Myanmar Language by MBAPF in partnership with Room to Read Accelerator™ under the Myanmar Let's Read Project

Just The Way I am

ငါ မပြောင်းလဲဘူး

Author: Bindu Gupta
Illustrator: Kanak Shashi
Editor: လူသာမန်
Translators: ကျော်လင်း၊ ချိုသဲ၊ ဆုမြတ်ဌေး

MM-ABP-19-0004
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in India by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-05-7

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving the quality and access to library services throughout Myanmar (Burma). Learn more at www.mbapf.org

Room to Read ® Accelerator provides technical assistance services in children's literacy and girls' education. Learn more at www.roomtoread.org.

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read India Trust,
Office No. 201E (B), 2nd floor, D-21
Corporate Park, Sector-21, Dwarka,
New Delhi-110075

ထုတ်ဝေသူ –
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် – ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

၁၂
မပြောင်းလဲဘူး



ညနေခင်း အိမ်ပြန်လာတဲ့
သိုးတစ်အုပ်ဟာ ခါတိုင်းလိုပဲ ပျော်ပျော်
ရွှင်ရွှင်နဲ့ ပြန်လာကြတယ်။

မီကိုးကလွဲလို့
ခြံတံခါးအသစ်ဟာ
အားလုံးနဲ့ ဆုံပါတယ်။ သူ့ရဲ့
ပြည့်ပြည့်ဖောင်းဖောင်း
ကိုယ်လုံးနဲ့တော့ မဆုံဘူး
ဖြစ်နေတယ်။

သူ အပြင်မှာ အိပ်ရတာ တစ်ပတ်လောက်ရှိပြီ။
အခုလည်း အပြင်မှာ အိပ်ရပြန်ဦးမယ်။

ဒီတံခါးက

မတရားဘူး။

ယောဂသမား သိုးက အကြံပေးတယ်။
“ယောဂ ကစားပါ။ ယောဂ ကစားရင် ပိန်တယ်၊
ပိန်သွားရင် တံခါးပေါက်နဲ့ ဆုံ့သွားလိမ့်မယ်”

နောက်တစ်နေ့ကစပြီး မီကိုး
ယောဂ ကစားပါတယ်။

ရက်အတော်ကြာသွားပေမယ့်...

ပြည့်ပြည့်ဖောင်းဖောင်း မီကိုးက
ခြံတံခါးနဲ့ မဆုံသေးပါဘူး။

အနှေးပြေးသမား သိုးကတော့
"အနှေးပြေးကြည့်ပါ၊ အနှေးပြေးရင်
ပိန်သွားလိမ့်မယ်၊ အဲဒါဆို
တံခါးနဲ့လည်း ဆုံ့သွားလိမ့်မယ်" လို့
အကြံပေးတယ်။

ဒါနဲ့ မီကိုးက နေ့တိုင်း
အနေးပြေးပါတော့တယ်။
ရက်အတော်ကြာသွားပေမယ့်
ပြည့်ပြည့်ဖောင်းဖောင်း မီကိုးဟာ
ခြံတံခါးနဲ့ မဆုံသေးပါဘူး။

ရေကူးသမားသိုးကတော့ ဒီလိုအကြံပေးတယ်။
“ရေကူးကြည့်ပါ၊ ရေကူးရင် ပိန်သွားမယ်၊
အဲဒါဆို တံခါးနဲ့ ဆုံသွားလိမ့်မယ်”

cc

အဲဒါနဲ့ မီကိုးလည်း
ရေကူးပါတော့တယ်။

ရက်အတော်ကြာသွားပေမယ့်
ပြည့်ပြည့်ဖောင်းဖောင်း မီကိုးဟာ
ခြံတံခါးနဲ့ မဆုံနိုင်သေးပါဘူး။

ဘိုနီက
စက်ဘီးလာကြွားရင်း
ရောက်ချလာတယ်။

"စက်ဘီးနင်းကြည့်ပါလား မီကိုး၊
စက်ဘီးနင်းရင် ပိန်သွားလိမ့်မယ်။ စက်ဘီးနင်းပြီး
လို့မှ ခြံတံခါးနဲ့ မဆုံ့ရင် ငါ ဇတ်ဖြတ်ခံရတယ်။"

မီကိုး ဝမ်းနည်းလာပြီး
"တော်ပါတော့၊ ငါ အိမ်ပြန်ချင်ပါပြီ" လို့
ပြောလိုက်တယ်။

ဒါနဲ့ သူ စဉ်းစားလိုက်တယ်။
စဉ်းစားရင်း စဉ်းစားရင်းနဲ့
စိတ်ဆုံးဖြတ်လိုက်တယ်။

ရက်နည်းနည်းကြာတဲ့အခါ မီကိုး
ပြန်ရောက်လာတယ်။ အခုတော့ သူ့မှာ အကြံရှိနေပြီ။
သူ့မှာ ကိရိယာတွေလည်း ရှိနေပြီလေ။

နောက်တစ်နေ့မနက်မှာတော့ မီကိုးဟာ
အနှစ်သက်ဆုံး နေရာကနေ အိပ်ရာနိုးလာပါတယ်။

တခြားသိုးတွေက အံ့သြကြတာပေါ့။
“ဒါပေမယ့် မင်းက ပြည့်ပြည့်ဖောင်းဖောင်း
ဖြစ်နေတုန်းပဲ” လို့ သူ့ကို ဝိုင်းပြောကြတယ်။
“ခြံထဲကို ဘယ်လိုရောက်လာတာလဲ”

မီကိုးက အပြုံးနဲ့ ဖြေတယ်။
“ရိုးရိုးလေးပါပဲ၊ ခြံတံခါးကို နည်းနည်းချဲ့လိုက်
တာပေါ့။ အခု ငါ အဆင်ပြေသွားပြီလေ။ ဝင်လို့
ရသွားပြီ။ ငါလည်း ပြောင်းလဲစရာမလိုတော့ဘူး။”

Matako the sheep is too wide to fit through the gate into the yard. Her friends suggest different exercises to help her slim down, but nothing works. Finally, Matako realizes that she is happy the way she is—and finds her own clever solution to the problem!

Bindu Gupta သည် Delhi တက္ကသိုလ်မှ ပညာရေးအထူးပြုဖြင့် ဒီဂရီဘွဲ့နှင့် မဟာဘွဲ့များကို ရရှိခဲ့သည်။ သူမသည် ကလေးများပြောပြသည့်ပုံပြင်များ နားထောင်ရသည်ကို နှစ်သက်ပြီး ကလေးများအတွက် ပုံပြင်ရေးသားရခြင်းကိုလည်း ကြိုက်နှစ်သက်သူဖြစ်သည်။

Kanak Shashi သည် ကလေးစာအုပ်များအတွက် သရုပ်ဖော်ပန်းချီရေးဆွဲပေးလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် မကတော့ပေ။ UNICEF, Ekalavya, N.C.E.R.T နှင့် Tarshi စသည့် အဖွဲ့အစည်းများစွာနှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။ Bhopal နှင့် Delhi မြို့တွင် ပြုလုပ်သည့် ပန်းချီပြပွဲများတွင် ကလေးများနှင့်အတူ ပါဝင်ခဲ့သည်။ Kanak သည် သရုပ်ဖော်ပန်းချီဆရာမတစ်ယောက် အဖြစ်ဖြင့် ဇာတ်လမ်းကို အရုပ်ရေးဆွဲပေးရုံသာမျှ မခံယူတော့ဘဲ ရုပ်ပုံတွေမှတစ်ဆင့် ဇာတ်လမ်းကို ခံစားသိရှိစေခြင်းဖြင့် ဇာတ်လမ်းကို ပိုပြီးစိတ်ဝင်စားလာအောင် ရေးဆွဲသင့်သည်ဟု လက်ခံယူဆထားသူ တစ်ဦးလည်းဖြစ်ပါသည်။

မီကိုးက ခြံတံခါးဝနဲ့ မဆုံအောင် ပြည့်ပြည့်ဖောင်းဖောင်း ဖြစ်နေတယ်။ သူ့သူငယ်ချင်းတွေက သူမကို ပိန်အောင် လေ့ကျင့်ခန်းအမျိုးမျိုးလုပ်ဖို့ အကြံပေးကြတယ်။ ဒါပေမယ့် အလုပ်မဖြစ်ပါဘူး။ နောက်ဆုံးမှာ မီကိုးဟာ မပြောင်းလဲတဲ့ သူ့ပုံစံကိုပဲ ကျေနပ်သဘောကျနေတယ်။ ပြီးတော့ ဒီပြဿနာကို သူကိုယ်တိုင်ပဲ ပါးပါးနပ်နပ်နဲ့ ဖြေရှင်းနိုင်ခဲ့တယ်။